# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
## (၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့အစီအစဥ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၄၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၃.၁၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ် ခွင့် ၅ ရက်၊

(၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၅ ရက်၊

(၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊

(၄) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၅) ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

မှူကြမ်း

(၆) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၅ ရက်၊

(၇) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့် ခွင့် ၁ ရက်၊

(၈) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၂ ရက်၊

(၉) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၁၂ ရက်၊

(၁၀) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၅ ရက်၊

(၁၁) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၁၂) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၁၃) တနသ်ာရီမဲဆန္ဒနယ်မှ ဦးယုံဘီး ခွင့် ၁ ရက်၊

(၁၄) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၂ ရက်၊

(၁၅) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၅ ရက်၊

(၁၆) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ ခွင့် ၂ ရက်၊

(၁၇) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၅ ရက်၊

(၁၈) မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း ခွင့် ၁၂ ရက်၊

(၁၉) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၅ ရက်၊

(၂၀) လားရှိုးမဲဆန္ဒနယ်မှ ဦးစိုင်းမြင့်အေး ခွင့် ၅ ရက်၊

(၂၁) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၅ ရက်၊

(၂၂) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၅ ရက်၊

(၂၃) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၂ ရက်၊

(၂၄) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၃ ရက်၊

(၂၅) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဌေး ခွင့် ၅ ရက်၊

(၂၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး ခွင့် ၃ ရက်၊

(၂၇) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၅ ရက်၊

(၂၈) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၄ ရက်၊

(၂၉) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို ခွင့် ၂၃ ရက်၊

(၃၀) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင် ခွင့် ၂ ရက်၊

(၃၁) မိုင်းပန်မဲဆန္ဒနယ်မှ ဦးထွန်းမြင့်ဦး ခွင့် ၅ ရက်၊

မူကြမ်း

(၃၂) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၅ ရက်၊

(၃၃) ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်သန်း ခွင့် ၂ ရက်၊

(၃၄) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၂ ရက်၊

(၃၅) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနိုင်စိုး ခွင့် ၅ ရက်၊

(၃၆) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၃၇) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၃၈) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင်(ခ)ဦးခင်မောင်ဝင်း ခွင့် ၁၂ ရက်၊

(၃၉) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း ခွင့် ၁ ရက်၊

(၄၀) မုဒုံမဲဆန္ဒနနယ်မှ ဦးမြသိန်း ခွင့် ၅ ရက်၊

(၄၁) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၃ ရက်၊

(၄၂) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၂ ရက်၊

(၄၃) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၅ ရက်၊

(၄၄) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၄၅) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၅ ရက်၊

(၄၆) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၄၇) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁ ရက်၊

(၄၈) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၄၉) ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအွမ်ဆိုင်မိုင်း ခွင့် ၅ ရက်၊

(၅၀) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၅၁) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၅ ရက်၊

(၅၂) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၃ ရက်၊

(၅၃) လှိုင်းဘွဲမဲဆန္ဒနယ်မှ ဦးစောသိန်းအောင် ခွင့် ၁ ရက်၊

(၅၄) ဖာဆောင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်တင် ခွင့် ၁၈ ရက်၊

(၅၅) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၅၆) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၂ ရက်၊

(၅၇) ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန် ခွင့် ၅ ရက်၊

**မူကြမ်း**

(၅၈) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၅၉) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၅ ရက်၊

(၆၀) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန် ခွင့် ၂ ရက်၊

(၆၁) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၃ ရက်နှင့်

(၆၂) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၉ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၆၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၁ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်စတင်ဆောင်ရွက်ပါမယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မြို့နယ်အဆင့် မြို့များကို မြို့ချင်းဆက် ကတ္တရာလမ်းပေါက်သော မြို့နယ်အဆင့် မြို့မည်မျှရှိသည်၊ မည်မျှကျန်သည်၊ (၂၄)နာရီ လျှပ်စစ်မီးရရန် မည်မျှရှိသည်၊ မည်မျှလိုသေးသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဌေးမောင်(ဆောမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကျန်းမာ၍ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမောင် ဖြစ်ပါတယ်။ ဒီမိုကရေစီခေတ်ရဲ့ညီမျှမှု၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မှုကို ယုံကြည်ပြီးမှ ဒီမေးခွန်းကို မေးမြန်းတာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ၂၀၁၁ မှစ၍ ဒီမိုကရေစီစနစ်နဲ့ လျှောက်လှမ်းလာခဲ့ရာမှာ သက်တမ်းငါးနှစ်အတွင်းကို ရောက်ရှိလာပြီဖြစ်ပါတယ်။ မြို့နယ်အားလုံးကို ကိုယ်စားပြုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာလည်း လွှတ်တော်အတွင်းရောက်ရှိပြီး ဥပဒေပြုခြင်းလုပ်ငန်းများ၊ မိမိမြို့နယ်ရဲ့လိုအပ်ချက်များကို တောင်းဆိုဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိကြပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် မိမိမြို့နယ်များရဲ့ လိုအပ်ချက်ကို တင်ပြတောင်းဆိုသလို နိုင်ငံတော်အစိုးရမှလည်း ဆောင်ရွက်ပေးလျက်ရှိနေတာကို တစ်ပြည်လုံးအတိုင်းအတာနဲ့ ထင်ရှားစွာသိမြင်နေရပါတယ်။ နိုင်ငံတော်အစိုးရက မြန်မာနိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအတွက် နိုင်ငံ့လူဦးရေရဲ့ ၂၉.၂ ရာခိုင်နှုန်းခန့် ဆင်းရဲနွမ်းပါးသူများအတွက် ထိရောက်စေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို စီမံကိန်းချ အသင်းအဖွဲ့များထူထောင်ပြီးဆောင်ရွက်နေတာ တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၊ ခရိုင် ၆၀၊ မြို့နယ်ပေါင်း ၃၃၀ နှင့် ကျေးရွာပေါင်း ၆၉၄၁၉ ရှိပြီးမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆောင်ရွက်ရာမှာ အထူးသဖြင့် ကျေးရွာများရဲ့စီမံခန့်ခွဲမှုကို အဓိကဆောင်ရွက်နေတဲ့ မြို့နယ်အဆင့်မြို့များကို ပထမဖွံ့ဖြိုးအောင် ဆောင်ရွက်ဖို့လိုအပ်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ မြို့နယ်အဆင့်မြို့များဟာ ကျေးရွာများရဲ့ စံထားရာ၊ အားကိုးရာ၊ အခက်အခဲဖြေရှင်းရာ ဗဟိုအချက်အချာဖြစ်နေပါတယ်။ မိမိတို့မြို့သည် အခြားမြို့နယ်များနှင့် လိုအပ်ရင်လိုအပ်သလို ဆက်သွယ်နိုင်ရန် လမ်းပန်းဆက်သွယ်ရေးတွေလည်း ကောင်းမွန်မှ

ဖြစ်ပါတယ်။ ၂၄ နာရီ လျှပ်စစ်ဓာတ်အားတွေလည်း ကျေးရွာများအားလုံးကို မရရှိသေးနိုင်ရင်တောင်မှ မြို့နယ်အဆင့်မြို့များကို ပထမဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒါမှ မြို့နယ်နေလူထုက ကိုယ့်မြို့နယ်ကနေမှ အခြားကိစ္စများဆောင်ရွက်တဲ့နေရာမှာ ဖုန်းဆက်သွယ်ခြင်း၊ ငွေပို့ငွေလွှဲခြင်း၊ E-mail ပို့ခြင်း၊ Fax ပို့ခြင်းများကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့မြို့နယ်အနေနဲ့ ပြောရရင် ဒီခေတ်မှာ ကျွန်တော်တို့မြို့နယ်အနေနဲ့ အထူးပဲတိုးတက်တာကို တွေ့ရှိရပါတယ်။ လမ်းပန်း ဆက်သွယ်ရေးတွေလည်း ကောင်းမွန်ပြီးမှ နှစ်မြို့နယ်တော့ မြို့ချင်းဆက်လမ်းကောင်းပြီးမှ ကျန်တဲ့ မြို့နယ်လည်းပဲ လာမယ့်နှစ်မှာ ဆက်မိလိမ့်မယ်လို့ ယူဆပါတယ်။ (၂၄)နာရီ မီးလင်းရေးဟာလည်း ပဲ ယနေ့ ဓာတ်တိုင်တွေစိုက်ထူနေပြီးတော့ ဒီဘတ်ဂျက်နှစ်မှာ လင်းမယ်လို့ ယူဆပါတယ်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မြို့နယ်အဆင့်မြို့များတွင် မြို့ချင်းဆက်ကတ္တရာလမ်း ပေါက်သောမြို့နယ်အဆင့် မြို့မည်မျှရှိသည်၊ မည်မျှကျန်သည်၊ (၂၄)နာရီ လျှပ်စစ်မီးလင်းရန် မည်မျှရှိ သည်၊ မည်မျှလိုသေးသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည် တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဆောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်ကြီး ဦးဌေးမောင်မှ မေးမြန်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရှိ မြို့နယ်အဆင့် မြို့များကို မြို့ချင်းဆက် ကတ္တရာလမ်းပေါက်သောမြို့နယ်အဆင့် မြို့မည်မျှရှိသည်၊ မည်မျှကျန်သည်၊ (၂၄)နာရီ လျှပ်စစ်မီးရရန် မည်မျှရှိသည်၊ မည်မျှလိုသေးသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း ကို ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီလိုရှင်းလင်းတဲ့အခါမှာ ကျွန်တော့်အနေ နဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခုကိုယ်စား ကျွန်တော်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံး လမ်းမိုင် ပေါင်း ၉၈၉၉၃ မိုင်ရှိတာဖြစ်ပါတယ်။ အဲ့ဒီလမ်းမိုင်တွေအနက်က ဆောက်လုပ်ရေးဝန်ကြီးဌာနက

တာဝန်ယူတာက ၂၄၉၃၄ မိုင်ဖြစ်ပါတယ်။ အဲ့ဒီလမ်းမိုင်များအနက်မှာ ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပြီးတာကတော့ ၁၂၆၉၂ မိုင်ဖြစ်တဲ့အတွက် တစ်နိုင်ငံလုံးမှာရှိတဲ့လမ်းတွေရဲ့ ၅၁ ရာခိုင်နှုန်းကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးပါကြောင်း တင်ပြအပ်ပါတယ်။

အဲ့ဒီတော့ နိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ် ၃၃၀ အနက်မှ ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူတဲ့မြို့နယ်ပေါင်းက ၃၀၀ ရှိပါတယ်။ ကျန်တဲ့မြို့နယ် ၃၀ ကတော့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်ကောင်စီနဲ့ အခြားဝန်ကြီးဌာနများက တာဝန်ယူဆောင်ရွက်တဲ့မြို့နယ်များဖြစ်ကြောင်း ခွဲခြမ်းစိတ်ဖြာပြီး တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ တာဝန်ယူတဲ့မြို့နယ် ၃၀၀ အနက်မှာ အခုအချိန်အထိ ၂၄၈ မြို့နယ်ဟာ ကတ္တရာလမ်းအဆင့်အထိ ရောက်ရှိပြီးဖြစ်ပါတယ်။ ဒီ့အပြင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အကုန်အထိ မတ်လအကုန်မှာ မြို့နယ်လေးခုဖြစ်တဲ့ ကယားပြည်နယ်က ရှားတောမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးက သာပေါင်း၊ ဝါးခယ်မနှင့် မော်လမြိုင်ကျွန်းမြို့နယ်တို့ဟာလည်းပဲ ဒီမတ်လကုန်မှာ ကတ္တရာလမ်းအဆင့်ကို ရောက်ရှိသွားမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၅၂ မြို့နယ်ဟာ ကတ္တရာလမ်း အဆင့်ကိုရောက်ရှိသွားပြီးတော့ ကျန်ရှိမှာက ၄၈ မြို့နယ်ဖြစ်ပါတယ်။ ထို့အတူပဲ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်ကောင်စီနဲ့ အခြားဝန်ကြီးဌာနများက တာဝန်ယူတဲ့မြို့နယ်ပေါင်း ၃၀ ရှိပါတယ်။ ဒီမြို့နယ် ၃၀ အားလုံးဟာလည်းပဲ ကတ္တရာလမ်းအဆင့်အထိ ရောက်ရှိသွားပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန်ကျန်တာ ၄၈ မြို့နယ်ဖြစ်ပါတယ်။ ဒီ ၄၈ မြို့နယ်ကိုလည်းပဲ ကျွန်တော်တို့ စီမံချက်များချပြီးတော့ ကတ္တရာလမ်းအဆင့်ဖြစ်အောင် အမြန်ဆုံးဆောင်ရွက်မှာဖြစ်ပါတယ်။ လမ်းများကို ဆောင်ရွက်တဲ့အခါမှာ ရေ၊ မြေ၊ သဘာဝအခြေအနေအရ သော်လည်းကောင်း၊ လုံခြုံရေးအရသော်လည်းကောင်း၊ ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ အမြန်ဆုံးကြိုးစားပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပထမမေးခွန်းကို ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ပတ်သက်တဲ့မေးခွန်းကို တင်ပြရရင် ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့မြို့နယ်ပေါင်း ၃၃၀ ရှိတဲ့အနက်မှ (၂၄)နာရီ မီးလင်းပြီးတဲ့မြို့နယ်ပေါင်းဟာ ၂၅၀ မြို့နယ်ရှိပါတယ်။ (၂၄)နာရီ မီးမလင်းဘဲ ကျန်နေတဲ့မြို့နယ်က ၈၀ ရှိပါတယ်။ ဒါကြောင့်မို့လို့

လျှပ်စစ် စွမ်းအားဝန်ကြီးဌာနအနေနဲ့လည်းပဲ မြို့နယ်များ အမြန်ဆုံးမီးလင်းရေးအတွက်ကို ကြိုးစား ဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်။

**တောင်သူလယ်သမားများအတွက် အထွက်ကောင်းမျိုးသန့်စပါးများကို အရည်အသွေးမီရရှိရန်နှင့် အလုံအလောက်ရရှိနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် မည်သို့အစီအမံများပြုလုပ်ထားသည်ကို သိလိုခြင်း နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ် ဦးသိန်းထွန်းမှမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော် များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားများအတွက် အထွက်ကောင်းမျိုးသန့်စပါးများကို အရည်အသွေးမီရရှိရန်နဲ့ အလုံအလောက်ရရှိရန် ဝန်ကြီးဌာန အနေဖြင့် မည်ကဲ့သို့ အစီအမံများပြုလုပ်ထားသည်ကို သိရှိလို၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့နိုင်ငံဖြစ်တာနဲ့အညီ မျိုးကောင်းမျိုးသန့်များရရှိရေးမှာ အထူးလိုအပ်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲ့ အဓိကသီးနှံဖြစ်တဲ့ စပါးဟာ မွေ၊ မိုးစိုက်ဧက သန်း ၂၀ ခန့်ရှိရာ မျိုးစပါးတင်း သန်း ၃၀ ခန့် နှစ်စဉ်လိုအပ်လျက်ရှိပါ တယ်။ အထူးအထွက်ကောင်းမျိုးဖြစ်တဲ့ ပုလဲသွယ်ကဲ့သို့သော စပ်မျိုးစပါးများကို ရေတော်၊ မိုးတော် မှသာစိုက်ပျိုးနိုင်ခြင်း၊ သိပ္ပံနည်းကျဖြင့်သာစိုက်ပျိုးနိုင်ခြင်း၊ မျိုးဈေးကြီးမြင့်ခြင်း၊ မျိုးအဖြစ်ပြန်လည် အသုံးပြု၍မရခြင်း၊ တောင်သူလယ်သမားအများစုနှင့်ရင်းနှီးကျွမ်းဝင်မှုမရှိခြင်း၊ ဒေသဈေးကွက်နှင့် တွက်ခြေကိုက်မှုမရှိခြင်းတို့ကြောင့် မျိုးပြန်လည်ရယူနိုင်သော အထွက်ကောင်းမျိုးစေ့၊ မျိုးသန့်များ ကိုသာ တောင်သူလယ်သမားအများစုမှာ လိုအပ်လျက်ရှိပါတယ်။ ဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်လည်း လွယ်ကူသည့်လုပ်ငန်းမဟုတ်ပါ။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဒေသလိုအပ်ချက်မျိုးသန့်စပါးများကိုဖြန့်ဖြူးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် များမှာ စိုက်ပျိုးရေးပညာရှင်များနဲ့ မျိုးစေ့ထုတ်ခြံများ တိုးချဲ့ဆောင်ရွက်သွားမည်ဆိုပါက ပိုမို

သင့်တော်မည်ဖြစ်ပါ၍ တောင်သူလယ်သမားများအမှန်တစ်ကယ် လိုအပ်လျက်ရှိသော အထွက်ကောင်းမျိုးသန့်များကို လုံလောက်စွာရရှိနိုင်ရေးအတွက် မည်ကဲ့သို့အစီအမံများပြုလုပ်ထားသည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများခင်ဗျား မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအုန်းသန်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ Power Point ဖြင့်ပြသခွင့်ပြုပါရန်လည်း တင်ပြအပ်ပါတယ်။ မြန်မာနိုင်ငံဟာ စိုက်ပျိုးရေးနိုင်ငံဖြစ်၍ စိုက်ပျိုးရေးမှာ အဓိကအရေးကြီးတဲ့ မျိုးကောင်းမျိုးသန့် ထုတ်လုပ်စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး တောင်သူလယ်သမားကြီးများအတွက် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးက မေးမြန်းပေးတဲ့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျေးဇူးတင်ရှိကြောင်း ပဏာမပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ စိုက်ပျိုးလျက်ရှိတဲ့ စပါးမျိုးများအား အဓိကအုပ်စုကြီး နှစ်ခုနဲ့ စိုက်ပျိုးနေတဲ့နေရာမှာ စပ်မျိုးစပါးအုပ်စု Hybrid နှင့် မျိုးချန်၍ရတဲ့စပါးမျိုး Open- pollinated Variety ဆိုပြီး အုပ်စုကြီး နှစ်စုနဲ့ ကျွန်တော်တို့ စိုက်ပျိုးနေတာဖြစ်ပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ စပါးစုစုပေါင်း စိုက်ဧရိယာရဲ့ ၃ ရာခိုင်နှုန်းဟာ စပ်မျိုးစပါးများ စိုက်ပျိုးပြီးတော့ အထွက်ကောင်းမျိုး (High-yielding variety)၊ ဆန်အရည်အသွေးနှင့် စားသုံးမှုအရည်အသွေးကောင်းမွန်သောမျိုး (High-quality variety) နှင့် ဒေသမျိုးများဖြစ်တဲ့ Local variety စတဲ့ မျိုးချန်၍ရတဲ့ OPV မျိုးများကို စုစုပေါင်း စိုက်ဧရိယာရဲ့ ၉၇ ရာခိုင်နှုန်း လက်ရှိစိုက်ပျိုးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ မျိုးချန်၍ရတဲ့စပါးမျိုး Open-pollinated Variety ရဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်မှုဟာ အလွန်အရေးကြီးတဲ့ လုပ်ငန်းတစ်ခုအနေနဲ့ သတ်မှတ်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ စပ်မျိုးဆိုတာကတော့ မျိုးရိုးဗီဇကောင်းမွန်ပြီး မိဘနှစ်ပါးရဲ့ ပေါင်းစပ်မှုစွမ်းရည်မြင့်မားပြီး၊ ရရှိလာတဲ့ ပထမသားဆက် F1

ဟာ မိဘမျိုးများထက် ၂၅-၃၀ ရာခိုင်နှုန်းအထက် သာလွန်ကောင်းမွန်သော မျိုးကိုခေါ်ဆိုပါတယ်။ မျိုးချန်၍ရတဲ့ စပါးမျိုးဆိုတာကတော့ မျိုးရိုးဗီဇကောင်းမွန်ပြီး ထူးခြားကောင်းမွန်တဲ့ အရည်အသွေး လက္ခဏာများပါရှိတဲ့ စပါးမျိုးများကို သားဆက်အဆင့်ဆင့် မွေးမြူရွေးချယ်ပြီး အထွက်နှုန်းနှင့် ဗီဇ တည်ငြိမ်သောမျိုးကိုဆိုလိုခြင်း ဖြစ်ပါတယ်။ ဗီဇတည်ငြိမ်သော မျိုးကောင်းမျိုးသန့် မျိုးတစ်မျိုးရရှိဖို့ ဆိုရင် မျိုးကူးစက်မွေးမြူရွေးချယ်ခြင်း၊ ပြည်ပမှမျိုးများတင်သွင်းရွေးချယ်ခြင်း၊ ပြည်တွင်းမျိုးများ စုဆောင်းရွေးချယ်ခြင်း၊ တစ်သျှူးနည်းဖြင့် မွေးမြူရွေးချယ်ခြင်း၊ မျိုးထွန်းနည်းဖြင့် မွေးမြူရွေးချယ်ခြင်း၊ ဇီဝနည်းပညာနဲ့ ပူးပေါင်းမွေးမြူရွေးချယ်ခြင်းတို့ ဆောင်ရွက်ရပါတယ်။

မျိုးတစ်မျိုးအား မွေးမြူထုတ်လုပ်တဲ့နေရာမှာ အထွက်မိတ်ဖက်လက္ခဏာကောင်းခြင်း၊ ပိုးမွှား ရောဂါဒဏ်ခံနိုင်ခြင်းစတဲ့ စဉ်ဆက်မပြတ်စစ်ဆေးခြင်းတို့ကို သားဆက်(၆)ဆက်ကနေ (၈)ဆက်အထိ အဆင့်ဆင့်ရွေးချယ်ပြီး ဗီဇတည်ငြိမ်မှုရှိခြင်း၊ အထွက်နှုန်းမြင့်မားတည်ငြိမ်ခြင်း၊ ဒေသနှင့်ကိုက်ညီခြင်း၊ စားသုံးမှုကောင်းခြင်း၊ ဆန်အရည်အသွေးကောင်းခြင်းစတဲ့ အရည်အချင်းများနဲ့ ပြည့်စုံမှသာလျှင် မျိုးအဖြစ်ထုတ်ဝေရတဲ့အတွက် မျိုးတစ်မျိုးဟာ စတင်မွေးမြူသည့်မှထုတ်လုပ်သည့်အထိ (၅)နှစ်မှ (၈)နှစ်ခန့်အထိ ကြာမြင့်မည်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ထုတ်လုပ်ရရှိတဲ့မျိုးကို မိဘမျိုးစေ့ (Beeder Seed)၊ ဆင့်ပွားမျိုးစေ့ (Foundation Seed)၊ မျိုးသန့်မျိုးပွားမျိုးစေ့ (Register Seed) နဲ့ စီးပွား ဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed) ဆိုပြီး အဆင့်များခွဲခြားပြီး မျိုးပွားထုတ်လုပ်ရပါတယ်။

မျိုးသစ်တစ်မျိုးဟာ တီထွင်ထုတ်လုပ်ရာမှာ အပင်မျိုးမွေးမြူရေးပညာရှင် (Breeder) များမှ ထုတ်လုပ်ပေးနိုင်သဖြင့် မြန်မာနိုင်ငံမှာ မျိုးသစ်ထုတ်လုပ်မှုဟာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက Breeder များကသာ မျိုးသစ်ကို စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိပါတယ်။ ပုဂ္ဂလိကအခန်း ကဏ္ဍမှာ မျိုးမွေးမြူပညာရှင်များ ပေါ်ထွက်လာနိုင်ဖို့အတွက် အပင်မျိုးမွေးမြူသူများ၏ အခွင့်အရေး များ၊ အကာအကွယ်များရရှိနိုင်တဲ့ အပင်မျိုးသစ်ကာကွယ်ရေးဥပဒေ (Plant Variety Protection Law)ကို ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ရေးဆွဲထားပြီးဖြစ်ပြီး နိုင်ငံတော်အစိုးရအဖွဲ့မှတစ်ဆင့် လွှတ်တော်ကိုလည်း တင်ပြထားပြီးဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ခုနှစ် မိုးစပါးရာသီမှာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ မိဘမျိုးစေ့ ၈၈.၅ တင်းမှ ဆင့်ပွားမျိုးစေ့ ၁၀၄၅ တင်းထုတ်လုပ်ပေးခဲ့ပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိတဲ့ ဌာနပိုင်ခြံ များမှာ မျိုးသန့်မျိုးစေ့ (Register Seed) တင်း ၁.၂ သိန်း ထုတ်လုပ်ဖြန့်ဖြူးခဲ့ပြီး အကျိုးဆောင်

တောင်သူများ၊ မျိုးသန့်စံပြရွာများ၊ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်သူများကို ၎င်းမျိုးသန့်မျိုးစေ့များကို အသုံးပြုပြီး စီးပွားဖြစ်မျိုးသန့်မျိုးစေ့ ဧက ၈၀၈၅၄ စိုက်ပျိုးနိုင်ခဲ့ပြီး မျိုးစေ့တင်းပေါင်း ၇.၂၅ သန်း ထုတ်လုပ်ပေးခဲ့ပါတယ်။ ၎င်းထုတ်လုပ်ခဲ့တဲ့ Certified Seed မျိုးသန့်မျိုးစေ့များကို လယ်သမား တွေက နောက်ထပ်မျိုးလဲလှယ်ရန်မလိုဘဲ သုံးနှစ်အထိ ဆက်လက်စိုက်ပျိုးလို့ရပါတယ်။ သို့သော် လည်းပဲ စံပြရွာတွေက ထုတ်လုပ်တဲ့မျိုးတွေကို တောင်သူစံပြရွာ၊ တောင်သူလယ်သမားများက မျိုးကို ချက်ချင်းရောင်းလိုကြသော်လည်းပဲ စိုက်ပျိုးတဲ့ တောင်သူလယ်သမားတွေက စပါးစိုက်ကာနီးမှ သာလျှင်ရယူလိုကြတဲ့အတွက် ဒီကြားထဲမှာ ကွာဟချက်များဖြစ်ပြီးတော့ မျိုးသန့်စံပြရွာကထုတ်လိုက် တဲ့ Certified Seed တွေဟာ ဂရိန်အဖြစ်နဲ့ ရောက်ရှိသွားတာတွေလည်း တွေ့ရှိနေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့အဲ့ဒီလို Certified Seed များကိုထုတ်လုပ်တဲ့နေရာမှာ ပုဂ္ဂလိကအခန်းကဏ္ဍ အနေနဲ့ဆိုရင် ဧရာဝတီတိုင်းဒေသကြီးတွင် မြောင်းမြခြံ၊ ဟင်္သာတခြံ၊ တံခွန်တိုင်ခြံ၊ သရောင်းချောင်းခြံ တို့မှ မျိုးသန့်မျိုးပွားမျိုးစေ့များကိုလည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များဖြစ်တဲ့ ကန္တနကျွန်း သာ၊ ဧရာဟင်္သာကုမ္ပဏီ၊ ပဲခူးတိုင်းဒေသကြီးမှာ၊ ပြည်မြို့နယ်၌ ဦးလှမိုး၊ တောင်ငူမြို့နယ်၌ ဦးသန်းမြင့်၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်မှာ ဦးမျိုးသန့်နှင့် မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်မှာ မိုးသီတာကုမ္ပဏီတို့မှ Certified Seed မျိုးသန့်မျိုးစေ့များကို ဒီနေ့ ထုတ်လုပ်ပေးလျက်ရှိပါတယ်။

ထို့အပြင် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (Japan International Cooperation Agency-JICA)ရဲ့ အထောက်အပံ့နဲ့ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ဟင်္သာတမြို့နယ်နှင့် လပွတ္တာမြို့နယ်တွေမှာ တောင်သူများပါဝင်တဲ့ မျိုးသန့်ပွား များရေးစီမံကိန်းကိုလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒီနေ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လက်ရှိစိုက်ပျိုးလျက် မျိုးသန့်မျိုးကောင်း များအပြင် ရှေ့အလားအလာရှိတဲ့ မျိုးများအဖြစ်နဲ့ ဘက်တီးရီးယားရောဂါဒဏ် ခံနိုင်ရည်ရှိတဲ့ ဆင်းသုခနှင့် မနောသုခစပါးမျိုးများ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ရေကြီးကွင်းများအတွက် ရေမြုပ်ခံစပါးနှင့် ဆားငံဒေသများအတွက် ဆားငံခံ ဆင်းသွယ်လတ်စပါးမျိုး မျိုးကောင်းမျိုးသန့် များကို ဧက၂၈၀၀၀၀ ကျော်ထိ ဒီနေ့ ဆက်လက်ပွားများစိုက်ပျိုးထားပြီး ဖြစ်ပါတယ်။ ကမ္ဘာကြီး ပူနွေးလာသည်နှင့်အမျှ ပြောင်းလဲလာတဲ့ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်နိုင်မည့် သီးနှံမျိုး များကို ပြောင်းလဲစိုက်ပျိုးမှသာ ရေရှည်တည်တံ့သော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မှာ ဖြစ်တဲ့အတွက် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများအတွက် စပါးသီးနှံကို အကန့်အသတ်နဲ့စိုက်ပျိုး

**မူကြမ်း**

ကြရာမှာ အထွက်နှုန်းကျဆင်းနေတာကိုတွေ့ရှိကြရပါတယ်။ သို့ဖြစ်ပါ၍ အပူဒဏ်ခံနိုင်တဲ့ ရေငတ်ဒဏ်ခံနိုင်တဲ့ စပါးမျိုး၊ မျိုးကောင်းမျိုးသန့်များကိုလည်း ဒီနေ့ ပွားများထုတ်လုပ်လျက်ရှိပါတယ်။

၄င်းအပြင် မြန်မာနိုင်ငံမှာ စားသုံးမှုအကောင်းဆုံးဖြစ်တဲ့ ပေါ်ဆန်းမွှေးစပါးက ရာသီစပါးဖြစ်ပြီးတော့ နေ့တာတုံ့ပြန်မှုရှိလို့ မိုးတွင်း၌သာ စိုက်ပျိုး၍ရခြင်းမှ တစ်နှစ်ပတ်လုံး နွေ၊ မိုး၊ ဆောင်း ရာသီမရွေးစိုက်နိုင်ခြင်း၊ နေ့တာတုံ့ပြန်မှုမရှိခြင်း၊ ယိုင်လဲမှုဒဏ်ခံနိုင်ခြင်း၊ စားသုံးမှုအရည်အသွေး ပိုမိုကောင်းမွန်စေခြင်း၊ အမွှေးရနံ့များပါရှိခြင်း၊ အသက်ရက်(၁၁၀-၁၁၅ရက်)တိုစေခြင်း၊ မိခင်ပေါ်ဆန်းမွှေး အထွက်နှုန်းထက် ပိုမိုများစွာသာလွန်ထွက်စေခြင်းတို့ အချက်များပါဝင်သည့် ပေါ်ဆန်းမွှေးမျိုးသစ်စပါးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ပညာရှင်များက Anther Culture နည်းပညာကိုအသုံးပြု၍ပြီး သုတေသနပြုဖော်ထုတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။ အဆိုပါဖော်ထုတ်ရရှိတဲ့ ပေါ်ဆန်မွှေးစပါးမျိုးသစ်ကို ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ ကျုံဝါးငါးမိုင် ကျေးရွာအုပ်စု၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်တို့မှာ နွေစပါးအဖြစ်နဲ့ ဒီဇင်ဘာလကုန်မှစပြီးတော့ ပျိုးထောင်ပြီး စိုက်ပျိုးပြီးတော့ထားတဲ့အခါမှာ ဒီနေ့အထိ အသက်ရက် ၇၀ ကျော်ရရှိပြီ အောင်မြင်ဖြစ်ထွန်းနေတာကို တွေ့ရှိရတာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မိမိတို့ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မျိုးစေ့ထုတ်လုပ်ရေးလုပ်ငန်းများ (Seed Industry)ပေါ်ထွန်းလာရေးအတွက် ရင်းနှီးမြှုပ်နှံသူများအား စည်းရုံးဆောင်ရွက်ပေးသွားကြပါရန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း မျိုးစေ့အရည်အသွေးစစ်ဆေးခြင်း၊ မျိုးစေ့မှတ်ပုံတင်ခွင့်ပြုခြင်း၊ မျိုးစေ့စိုက်ခင်းများကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်းမေးပါမယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ထပ်ဆင့်မေးခွန်း မေးမြန်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ အဲ့ဒီတော့ ဒုတိယဝန်ကြီးဖြေသွားတဲ့အချက်တွေက အင်မတန်ကောင်းပါတယ်။ ပြည့်စုံပါတယ်။ ကျေးဇူးတင်ပါတယ်။ သို့သော်လည်းပဲ

ကျွန်တော်တို့ မေးထားတဲ့မေးခွန်းကတော့ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဆိုလို့ရှိရင် စိုက်ဧက ၃၈ သိန်းလောက်ရှိပါတယ်။ တကယ့်မျိုးပွားခြံဟာ လေးခုလောက်ပဲရှိပါတယ်။ အလားတူပဲ တစ်နိုင်ငံလုံးမှာ သန်း ၂၀ လောက်မှာလည်း မျိုးပွားခြံဟာ ၂၇ ခြံ၊ ၃၀ ခြံပတ်ဝန်းကျင်လောက်ပဲ ရှိပါတယ်။ အဲ့ဒီတော့ မိမိဒေသက လိုတဲ့မျိုးကို ဒီစိုက်ပျိုးရေးခြံတွေက ဘယ်လိုမှလုပ်လို့မရပါဘူး။ ဒါစိုက်ပျိုးရေးဝန်ကြီးဌာနတစ်ခုတည်းနဲ့လည်း တစ်နိုင်ငံလုံးမှာရှိတဲ့မျိုးတွေကို ဘယ်လိုမှ လုပ်ပေးနိုင်လို့မရပါဘူး။ အဲ့ဒီတော့ ကျွန်တော်ဆိုလိုချင်တာကတော့ မနှစ်ကတုန်းက အစိုးရအဖွဲ့မှာပဲမျိုးနဲ့ ပတ်သက်ပြီးလိုလို့တောင်းတဲ့အခါကျတော့ မပေးနိုင်ပါဘူး။ မပေးနိုင်တော့ စောစောက ဒုတိယဝန်ကြီးတင်ပြခဲ့တဲ့သက်ဆိုင်ရာကုမ္ပဏီတွေဆီမှာပဲ ကျွန်တော်တို့ မျိုးစေ့ဝယ်လိုက်တဲ့အခါမှာလည်း အဲ့ဒီမျိုးစေ့တွေဟာအချိန်တန်ကျတော့ မပေါက်လို့ပြန်ပေးရတာတွေရှိတယ်။ စိုက်ပြီးခါမှ အတိုအရှည်မညီတဲ့မျိုးတွေ၊ မကောင်းတဲ့မျိုးတွေကို တွေ့ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဖြစ်စေချင်တာကတော့ ပြည်ထောင်စုနယ်မြေဖြစ်တဲ့ နေပြည်တော်လိုဟာမျိုးမှာတော့ တကယ့်သုတေသနလုပ်ပြီးတော့ ပညာရှင်ပေါင်းမြောက်များစွာနဲ့ တကယ့်ခြံကြီးတွေရှိပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးနဲ့ပြည်နယ်တိုင်းမှာ အဲ့ဒီလိုကျွမ်းကျင်တဲ့ပညာရှင်တွေနဲ့ ပေါင်းစပ်ပြီးတော့ တကယ့်စိုက်ပျိုးရေးခြံတွေ၊ ကိုယ့်ဒေသအတွက်လိုအပ်တဲ့ စပါးမျိုးတွေကို စိုက်ပျိုးရေးခြံတွေသာ လုပ်ထားမယ်ဆိုလို့ရှိရင်တော့ ကိုယ့်ဒေသနဲ့ကိုယ် လုံလောက်တဲ့အနေအထားရှိတဲ့အတွက်ကြောင့် ဒါကို ဝန်ကြီးဌာနအနေနဲ့လည်း အဲ့ဒီလိုဖြစ်လာနိုင်ဖို့အတွက် ကျွန်တော်တို့ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ဆိုတဲ့ဟာကို မေးမြန်းခြင်းဖြစ်တဲ့အတွက်ကြောင့် တိုင်းဒေသကြီးတွေမှာရော ပြည်ထောင်စုနယ်မြေကဲ့သို့ အဲ့ဒီလိုမျိုးပွားခြံတွေကို ထပ်ဆင့်ပြီးတော့ လုံလောက်တဲ့အထိ ဆောင်ရွက်ပေးမယ့်အစီအစဉ်ရှိ/မရှိကိုသိလိုပါ၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီတစ်ခါတော့ သက်ဆိုင်ရာဝန်ကြီးဌာနက မှန်မှန်ပဲဖြေပေးပါ။ တအားအမြန်ကြီးပြောသွားတာ တချို့မမီမှာစိုးလို့။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ စောစောကရှင်းပြတဲ့အတိုင်း မျိုးသန့်တစ်ခုကို ထုတ်လုပ်တဲ့အခါမှာ Seed Flow အရ အဆင့်(၄)ဆင့် ဆောင်ရွက်ရပါတယ်။ အဆင့်(၄)ဆင့်ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ဌာနပိုင်ခြံတွေအနေနဲ့က အဆင့်(၂)ဆင့်ကို အဓိက

ထားပြီးဆောင်ရွက်ပါတယ်။ ဒါကတော့ တကယ့်စစချင်း မျိုးသန့်အောင် လုပ်ရမယ့် အဆင့်(၂)ဆင့် ဖြစ်ပါတယ်။ လက်ရှိ မြန်မာနိုင်ငံမှာ စပါးမျိုးပွားတဲ့ခြံပေါင်းဟာ ခြံ ၁၀၀ လောက်ရှိပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးအားလုံးပေါင်းမှာ။ အဲ့ဒီ ၁၀၀ လောက်ကနေပြီးတော့ ဒီနေ့မျိုးပွားပြီးတော့ ဆောင်ရွက်တဲ့အခါမှာ အဓိကကတော့ Register Seeds ဆိုတဲ့ မှတ်ပုံတင် မျိုးစေ့အဆင့်အထိပဲ ကျွန်တော်တို့ ခြံတွေက ထုတ်ပေးနိုင်ပါတယ်။ နောက်အဆင့် ဆက်ပြီးတော့ ဒါကိုပွားနိုင်ဖို့အတွက်ကျတော့ သက်ဆိုင်ရာမြို့နယ်အလိုက် ရင်းနှီးမြှုပ်နှံတဲ့ကုမ္ပဏီ သို့တည်းမဟုတ်ရင် သက်ဆိုင်ရာ မျိုးထုတ်တဲ့ စံပြရွာတွေ ပေါ်ပေါက်လာအောင် လုပ်နိုင်မှသာလျှင် ကျွန်တော်တို့လိုချင်တဲ့ ၁၅ သန်း မိုးစပါးအတွက် မျိုးဟာ သုံးနှစ်တစ်ကြိမ်လဲနိုင်မှာဖြစ်ပါတယ်။ သုံးနှစ်တစ်ကြိမ်လဲနိုင်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ စောစောကတင်ပြသလို Breeder Seeds ခေါ်တဲ့ဟာ တင်း ၁၀၀ လောက်ထုတ်ပေးရုံနဲ့ ကျွန်တော်တို့က သုံးနှစ်တစ်ကြိမ်လဲနိုင်မယ့်အဆင့်အထိ ရနိုင်ပါတယ်။ သို့သော်လည်း အခုကွာဟချက်ဖြစ်နေတာက အဓိက ပြည်နယ်/တိုင်းဒေသကြီးတွေမှာ Certified Seeds ခေါ်တဲ့ စီးပွားဖြစ်မျိုးကို ထုတ်ပြီးတော့ စံပြရွာတွေက ထုတ်လိုက်တဲ့အခါမှာ တောင်သူတွေက တိုက်ရိုက်မရောင်းတော့ဘဲနဲ့ အဲ့ဒီအချိန်မှာ ထုတ်လုပ်တဲ့သူကချက်ချင်းရောင်းချင်တယ်။ ဝယ်တဲ့လူတွေကလည်း မျိုးစေ့မရတဲ့ စိုက်ခါနားနီးမှ ဝယ်ချင်ကြတယ်ဆိုတဲ့ ကြားထဲမှာသုံးလလောက် ကွာဟချက်အပေါ်မှာ ရောင်းချကြတဲ့အခါမှာ အားလုံးမျိုးအဖြစ်နဲ့မဖြစ်တာဖြစ်ပါတယ်။ ဒါလေးကို ကျွန်တော်တို့ကဒီ Gap လေးကို ဖြေရှင်းပေးနိုင်ရင် ဒါဟာပြေလည်သွားနိုင်မယ့် အနေအထားရှိပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ စောစောကပြောသလို ပြည်နယ်/တိုင်းဒေသကြီးတွေမှာ သန့်တဲ့ မျိုးသန့်တွေ ရရှိနိုင်အောင်အတွက်ဆိုရင် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအလိုက် ကျွန်တော်တို့ ဒီနှစ်ကစပြီးတော့ သက်ဆိုင်ရာတိုင်းတွေမှာ Seeds Lab တွေကို တည်ထောင်ဖို့ ခိုင်းထားပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရရဲ့ ရန်ပုံငွေနဲ့ ကရင်ပြည်နယ်ဆိုရင် ဒါတည်ထောင်ထားပြီးဖြစ်ပါတယ်။ အလားတူ အခြားစစ်ကိုင်းတိုင်းဒေသကြီးဆိုရင်လည်း တည်ထောင်ထားပြီးတော့၊ မန္တလေးတိုင်းဒေသကြီးဆိုရင်လည်း အထက်မြန်မာပြည်မှာ Seeds Lab ဆိုတဲ့ Seeds Testing Lab ဆိုတဲ့ ကျွန်တော်တို့က မျိုးတွေကိုစမ်းသပ်ပြီးတော့မှ ဒီမျိုးကကောင်းတယ်၊ မကောင်းဘူးဆိုတာ Certification ပေးတဲ့စနစ်ကို စပြီးလုပ်နေပါတယ်။ စိုက်ခင်းတွေမှာလည်း လိုက်ပြီးစစ်နေပါတယ်။ သို့သော်လည်းပဲ စိုက်ခင်းအားလုံးမှာ ပျံ့နှံ့အောင်မရနိုင်တဲ့အတွက်ကတော့ အဲ့ဒီကြားထဲမှာ Gap ကွာနေတဲ့ Seeds Grower နဲ့ Seeds Distributor နဲ့ကြားထဲမှာ Investment လုပ်မယ့် ကြားခံ

ကုမ္ပဏီတစ်ခု သို့သော်လည်းကောင်း ဖြန့်ဖြူးပေးမယ့်လုပ်ငန်းတစ်ခုဟာ လောလောဆယ်တော့ အခု MAPCO ကတော့ လုပ်နေပါတယ်။ သို့သော်လည်း အတိုင်းအတာနဲ့ လုပ်နေရတာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဓိကလိုအပ်သော နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေး စီမံဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းဖို့ဖြစ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်တင်ပြမေးမြန်းမှာကတော့ မြန်မာနိုင်ငံလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အဓိကလိုအပ်တဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေး စီမံဆောင်ရွက်သွားနိုင်ရန် ကြယ်ပွင့်ပြမေးခွန်းဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြည်ထောင်စုလွှတ်တော်ကနေပြီးမှ အတည်ပြုပြီးတဲ့နောက် ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုး ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပါတယ်။ အဲ့ဒီဆောင်ရွက်ချက်ဟာ နိုင်ငံခြားသားများ၊ လုပ်ငန်းရှင်များအတွက် အာမခံချက်ရရှိရန် ကနဦးမက်လုံးပေးနိုင်မှုပဲဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ အဲဒီနောက် နည်းဥပဒေပြဋ္ဌာန်းခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာလကုန်အထိ တရားဝင်ခွင့်ပြုထားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေကို ပြန်ကြည့်လို့ရှိရင် လုပ်ငန်းပေါင်း ၈၀၀ ကျော်မှာ ဒေါ်လာသန်းပေါင်း ၅၀၀၀၀ ကျော်ရှိတာ တွေ့ရပါတယ်။ သို့သော်လည်းပဲ အမှန်တကယ်လုပ်ကိုင်နေတဲ့လုပ်ငန်းအရေအတွက်က လုပ်ငန်းပေါင်း ၅၆၀ ကျော်ရှိပြီးတော့မှ ရင်းနှီးမြှုပ်နှံမှုကလည်း ဒေါ်လာသန်းပေါင်း ၄၀၅၀၀ ကျော်ခန့်သာရှိကြောင်း တွေ့ရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများကို စိစစ်ကြည့်လို့ရှိရင် တိုင်းပြည်ရဲ့မွေးရာပါသယံဇာတများဖြစ်ကြတဲ့ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းတွေသာ အများဆုံးဖြစ်ပြီးတော့မှ ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်းရဲ့ ၇၀ ရာခိုင်နှုန်းကျော်ရှိကြောင်းလည်းတွေ့ရှိရပါတယ်။ တိုင်းပြည်လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်ဒေသမှာနေထိုင်ကြတဲ့တောင်သူလယ်သမားမိသားစုများ ဖြစ်ကြပါတယ်။ ၎င်းတို့ရဲ့သက်မွေးလုပ်ငန်းဖြစ်တဲ့ လယ်ယာကဏ္ဍမှာ ဝင်ရောက်လာတဲ့ FDI ပမာဏသည် ၁ ရာခိုင်နှုန်းခန့်သာရှိနေကြောင်းလည်းပဲ လေ့လာတွက်ချက်သိရှိရပါတယ်။

အဲ့ဒီအခြေအနေကိုကြည့်ခြင်းအားဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေဖို့အတွက်ကို အဓိကလိုအပ်ချက်ဖြစ်တဲ့ FDI စီးဝင်လာဖို့အတွက် ကျွန်တော်တို့နိုင်ငံမှာ အားနည်းချက်များ၊ ချိတ်ဆက်ရန်များ များစွာရှိတယ်ဆိုတဲ့အကြောင်း သုံးသပ်ရရှိပါတယ်။ အဲ့ဒီအားနည်းချက်တွေထဲက လယ်ယာမြေသိမ်းဆည်းခံရမှုပြဿနာများ၊ လယ်ယာမြေဈေးကစားမှုကြောင့် ဈေးနှုန်းမြင့်မားလွန်းတဲ့ပြဿနာများအပါအဝင် တရားဥပဒေစိုးမိုးမှုအားနည်းချက်များလည်းပဲ ပါဝင်နေတာကိုတွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားရေးရည်မှန်းချက်ဖြစ်တဲ့ ခုနကဆင်းရဲမွဲတေမှုလျှော့ပါးရေးနှင့် LDC နိုင်ငံအဆင့်ကနေမှ ရုန်းထွက်လွတ်မြောက်ရေးအတွက် လုပ်ငန်းများအကောင်အထည်ပေါ်လာနိုင်ဖို့ဆိုတာကတော့ တင်ပြပါကျေးလက်နေတောင်သူလယ်သမားများရဲ့ လူမှုစီးပွားရေးဘဝ မြင့်မားလာအောင် စွမ်းဆောင်နိုင်မှုအပေါ်မှာ အဓိကတည်မှီနေပါတယ်။ သို့ပါ၍ လယ်ယာမြေဆိုင်ရာပြဿနာများကို လက်တွေ့ကျကျဖြေရှင်းပြီးတော့မှ တရားဥပဒေစိုးမိုးမှု အားကောင်းခိုင်မာလာအောင်တည်ဆောက်ပြီးတော့မှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ လယ်ယာကဏ္ဍသို့ အမြန်စီးဝင်လာအောင် စီမံဆောင်ရွက်ပေးနိုင်ခြင်းပြုနိုင်/မပြုနိုင် ရှင်းလင်းဖြေကြားပေးပါရန် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာဝန်ကြီးဌာနက ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ ဆက်လက်ပြီးတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုရဲ့ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဆက်လက်ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဟာ လယ်ယာကဏ္ဍကို ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်း၊ ရင်းနှီးမြှုပ်နှံနိုင်တဲ့အခွင့်အလမ်းများကို စိုက်ကွင်းများမှာ လက်တွေ့ပြသခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာမှစီးပွားရေးလုပ်ငန်းရှင်များအား ဖိတ်ခေါ်၍ စိုက်ပျိုးရေးတွင် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးရေးအတွက် လယ်ယာထွက်ကုန်များ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး၊ အထွက်နှုန်းနှင့်အရည်အသွေးမြင့်တင်နိုင်ရေးတို့အတွက် လယ်ယာအခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင်

ခေတ်မီစိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရေးတို့ကို ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ နည်းပညာများ၊ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမည့်သူများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အလားအလာကောင်းများ ရရှိလျက်ရှိပါတယ်။

ထို့အပြင် တောင်သူလယ်သမားများရဲ့အကျိုးစီးပွားအလို့ငှာ လယ်ယာမြေဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(င)၌ လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သမဝါယမအသင်း၏ ရင်းနှီးမြှုပ်နှံမှုနှင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်ရှိကြောင်းကိုလည်းကောင်း၊ ပုဒ်မခွဲ(စ)မှာ လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်ရှိကြောင်း ဖော်ပြပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ထို့အတူ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ(ဃ)မှာလည်းပဲ ကျွန်တော်တို့က ဥပဒေအရခွင့်ပြုထားနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုကိစ္စများကို ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားတဲ့ ပြည်ပကုမ္ပဏီပေါင်း ၆၅ ခုက လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ လာရောက်တွေ့ဆုံဆွေးနွေးမှုများရှိခဲ့သလို လက်ရှိအားဖြင့်လည်း လာရောက်တွေ့ဆုံဆွေးနွေးဆဲများဖြစ်ပါတယ်။

သို့သော်လည်းပဲ အခြားစီးပွားရေးကဏ္ဍများနှင့်နှိုင်းယှဉ်ပါက လယ်ယာကဏ္ဍဟာ ပြည်ပရင်းနှီးမြှုပ်နှံမှုနည်းပါးရခြင်းရဲ့အကြောင်းအရင်းကို အောက်ပါအတိုင်းလေ့လာတွေ့ရှိရပါတယ်-

(က) နိုင်ငံခြားသားများ လယ်ယာမြေပိုင်ဆိုင်ခွင့်မရှိခြင်း၊ တိုက်ရိုက် လယ်ယာမြေကို အသုံးပြုခွင့်လက်မှတ်မရရှိခြင်း၊

(ခ) ရာသီဥတုကိုအမှီပြုရသော သေချာရေရာမှုမရှိသည့် လယ်ယာကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုနှင့် အခြားကဏ္ဍရင်းနှီးမြှုပ်နှံမှုတို့၏ နှိုင်းယှဉ်အကျိုးအမြတ်အလွန်ကွာခြားခြင်း၊

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဥပဒေတို့ အချင်းချင်းချိတ်ဆက်မှုအားနည်းခြင်း၊

(ဥပမာ- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၄)၊ ပုဒ်မ ၃၁ အရ ကော်မရှင်သည် ရင်းနှီးမြှုပ်နှံသူအား အမှန်လိုအပ်သည့် မြေငှားရမ်းခွင့်ကာလ သို့မဟုတ် မြေအသုံးပြုခွင့်ကာလကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းအမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုအပေါ်

မူကြမ်း

မူတည်၍ ကနဦး နှစ် ၅၀ အထိခွင့်ပြုနိုင်တယ်လို့ဖော်ပြထားပြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ အခန်း(၄)၊ ပုဒ်မ ၁၁ မှာ နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံများ စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း ၃၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်တယ်လို့ ဖော်ပြထားခြင်း)

(ဃ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရ လက်တွေ့အကောင်အထည်ဖော်မှုတွင် အားနည်းနေခြင်း၊ (ဥပမာ- စပ်မျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို ရာနှုန်းပြည့်မဟုတ်ဘဲ ဖက်စပ်လုပ်ငန်းဖြင့်သာ ရင်းနှီးမြှုပ်နှံခွင့်ပြုခြင်း၊ ပြည်ပကုန်သွယ်မှုကို ပြည်တွင်းကုမ္ပဏီများကိုသာခွင့်ပြုခြင်း)

(င) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၀) ပုဒ်မ ၂၃ မှာ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် သတ်မှတ်သော အာမခံအမျိုးအစားကို ထားရှိရမည်လို့ ဖော်ပြထားတဲ့နေရာမှာ လယ်ယာကဏ္ဍရဲ့လုပ်ငန်းသဘာဝအရ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အာမခံထားရှိရန် အခက်အခဲရှိခြင်း၊

(စ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အခန်း(၁၄) ပုဒ်မ ၃၅ မှာ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံသားများ လုပ်ကိုင်ခွင့်ရရှိထားသည့်နေရာများ၌ စိုက်ပျိုးရေးလုပ်ငန်းများနှင့်မွေးမြူရေးလုပ်ငန်းများ ကန်ထရိုက်စနစ်ဖြင့်ဆောင်ရွက်ရာမှာ နိုင်ငံသားရင်းနှီးမြှုပ်နှံသူနှင့်ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိတယ်လို့ ဖော်ပြထားတဲ့အတွက် ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံသောကုမ္ပဏီများအတွက် အခက်အခဲများစွာရှိနေခြင်း၊

(ဆ) သီးနှံစိုက်ပျိုးထုတ်လုပ်၊ ပြုပြင်၊ တင်ပို့ရောင်းချမှု ကွင်းဆက်တစ်လျှောက်မှာ ထိန်းကျောင်းကာကွယ်ပေးနိုင်တဲ့ဥပဒေများ ပြည့်စုံရန်လိုအပ်လျက်ရှိနေခြင်း (ဥပမာ- ရင်းနှီးမြှုပ်နှံမှုအပေါ် အကာအကွယ်ပေးမယ့် ဉာဏပစ္စည်းပိုင်ဆိုင်ခွင့်(Intellectual Property Right) ဆိုင်ရာဥပဒေ အားနည်းချက်ရှိနေခြင်း)

(ဇ) ပြည်ပတင်ပို့ရောင်းချမယ့် လယ်ယာထွက်ကုန်များရဲ့ အရည်အသွေး၊ စံချိန်စံညွှန်းများအပေါ် အတည်ပြုထောက်ခံချက်ပေးသည့် နိုင်ငံတကာအသိအမှတ်ပြုအဖွဲ့အစည်း/ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှုအားနည်းနေခြင်း (ဥပမာ- အော်ဂဲနစ်ထုတ်

မူကြမ်း

ကုန်များဖြစ်ကြောင်း သက်သေခံလက်မှတ်(Organic Certificate)၊ တရုတ်နိုင်ငံနှင့် ချုပ်ဆိုထားတဲ့ Administration of Quality Supervision, Inspection and Quarantine သဘောတူစာချုပ်စသည့် AQSIC စသည့်လုပ်ငန်းတွေမှာ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ ချိတ်ဆက်မှုမရှိသေးခြင်း၊

(ဈ) လယ်ယာအခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ခိုင်မာတဲ့အခြေခံအဆောက်အအုံဖြစ်တဲ့ လျှပ်စစ်၊ လမ်းပန်းဆက်သွယ်မှုပြည့်စုံရန် လိုအပ်မှုရှိနေခြင်း စတဲ့အချက်များကြောင့် တွေ့ရှိရပါတယ်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၏ အထောက်အပံ့အကူအညီ၊ ချေးငွေများနဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ လက်ရှိအားဖြင့် အထောက်အပံ့စီမံကိန်း ၂၁ ခုကို အမေရိကန်ဒေါ်လာ ၇၈.၁၃၇ သန်းဖြင့်လည်းကောင်း၊ ပြည်ပချေးငွေဖြင့်ဆောင်ရွက်တဲ့စီမံကိန်းလေးခုကို အမေရိကန်ဒေါ်လာ ၃၇၀.၃၂၄ သန်းဖြင့်လည်းကောင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အပြင် အထောက်အပံ့စီမံကိန်း ၁၂ ခုနှင့် ချေးငွေစီမံကိန်းလေးခုကိုလည်းပဲ စုစုပေါင်းအမေရိကန်ဒေါ်လာ ၉၂၇.၇၈၆ သန်းဖြင့် ထပ်မံအကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လယ်ယာကဏ္ဍသို့ ပိုမိုစီးဝင်လာနိုင်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေဆိုင်ရာလိုအပ်ချက်များ၊ ပြုပြင်မှုများ၊ အခြေခံအဆောက်အအုံ ဖြည့်ဆည်းတည်ဆောက်မှုများ၊ ပြည်ပဈေးကွက်အခွင့်အလမ်းရရှိစေရန် လမ်းဖွင့်ပေးမှုများဖြင့် ဖြည့်ဆည်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပါပြီ။

**ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏အစီရင်ခံစာကို ဒေါက်တာအောင်မိုးညို ပွင့်ဖြူမဲဆန္ဒနယ်က ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့မှာ တင်သွင်းခဲ့တဲ့ အစိုးရရဲ့အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညိုက အမည်စာရင်း တင်သွင်းထားပါတယ်။ ဒေါက်တာအောင်မိုးညို ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်က ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးလိုတဲ့အချက်ကတော့ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဝေဖန်လိုခြင်း၊ အပြစ်တင်လိုခြင်းမဟုတ်ပါဘူးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ လွန်ခဲ့တဲ့ ရှစ်လခန့်က ကျွန်တော် လျှောက်ထားခဲ့တဲ့အဆို ဘယ်အခြေအနေရောက်နေသလဲဆိုတာ သိရှိလိုတဲ့အတွက် ဆွေးနွေးရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်မြေကို ဥက္ကဋ္ဌကြီးကိုယ်တိုင်လာရောက်ခဲ့စဉ်က လယ်သမားများအရေး ဘယ်လောက်အရေးထားတယ်ဆိုတာ ဥက္ကဋ္ဌကြီးကိုယ်တိုင် ရှင်းလင်းတင်ပြခဲ့ပါတယ်။ ကျွန်တော်တင်သွင်းမယ့်အဆိုဟာလည်းပဲ အခြေခံလူတန်းစား မရှိမဖြစ်လူတန်းစားဖြစ်တဲ့ တောင်သူလယ်သမားများရဲ့ လူမှုစီးပွားဘဝနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ တိုင်းကျော်ပြည်ကျော် လယ်ယာမြေသိမ်းဆည်းမှုများ ပြဿနာဖြစ်တဲ့အတွက် ရှင်းလင်းတင်ပြခွင့်ပေးဖို့ ဥက္ကဋ္ဌကြီးကို လေးစားစွာမေတ္တာရပ်ခံ ခွင့်တောင်းအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားဆိုတဲ့လူတန်းစားဟာ နိုင်ငံတော်အတွက်လိုအပ်လျှင် အသက်ပေးဆပ်တဲ့လူတန်းစားပါ။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ သာယာဝတီနယ်က ဆရာစံဦးဆောင်ခဲ့တဲ့ လယ်သမားကြီးများရဲ့ဖြစ်ရပ်ကို ကြည့်ရင်သိနိုင်ပါတယ်။ အသက်စွန့်ပြီး တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြတာပါ။ သို့သော်လည်းပဲ လက်ရှိအခြေအနေမှာတော့ နိုင်ငံတော်

အစိုးရရဲ့ ဆောင်ရွက်ချက်တချို့ကြောင့် လယ်သမားတချို့ အသက်ဆုံးရှုံးနေရတာကို ဝမ်းနည်းဖွယ် တွေ့မြင်နေရပါတယ်။ အဲ့တာလေးတွေ ဥပမာအဖြစ်တင်ပြရရင် ဗမာတွေသေဆုံးရတာရှိသလို၊ တိုင်းရင်းသားတွေ လည်းပါပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ညာတောကျေးရွာ၊ ပရက်ကျယ်ကျေးရွာနဲ့ ကန်ကြီးကုန်းကျေးရွာတို့မှ တောင်သူလယ်သမားများ၏ လုပ်ကိုင်စားသောက်နေသော မြေဧကပေါင်း ၇၅၀ အား စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့် စားသောက် ကုန်လုပ်ငန်း၊ ရန်ပယ်သိုးနှင့် မြင်းမွေးမြူရေးစခန်းမှ သိမ်းယူရခြင်းကိစ္စနှင့် ပတ်သက်ပြီးတော့ကား ကြိုတင်အသိပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းလုံးဝမရှိဘဲ မြေသိမ်းယူကြောင်းကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလ တွင် ခြံစည်းရိုးအုတ်တိုင် စိုက်ထူသောအချိန်မှ သိရှိခဲ့ရခြင်း ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှာ မြေ ၁၈ ဧကကျော် သိမ်းယူခံရကြောင်း သိရှိခဲ့ရတဲ့ ညာတောကျေးရွာမှ ဦးညွှန့်လှိုင်၊ လယ်သမားကြီး အသက် ၅၇ နှစ်ဟာ ဆိုလို့ရှိရင် မြေသိမ်းယူခံရကြောင်း သိလျှင်သိချင်း ၎င်း၏ လယ်ယာမြေပေါ်မှာ အလွန်အမင်းစိတ်ထိခိုက်ပြီးတော့ အသက်ဆုံးရှုံးခဲ့ရတယ်ဆိုပြီးတော့ သက်ဆိုင် ရာဒေသကနေပြီးတော့ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ကို တိုင်ထားတဲ့စာ အဲ့ဒါကို ကျွန်တော် တင်ပြခြင်း ဖြစ်ပါတယ်။ ဗမာတွေသေဆုံးရတာလားဆိုတော့ မဟုတ်သေးပါဘူးခင်ဗျား။ ရှမ်းပြည်နယ်၊ ပအို့(ဝ်)ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုန်းမြို့နယ်၊ မိုင်းပြင်းကျေးရွာမှာနေတဲ့ တောင်သူလယ်သမား ကြီး ဦးစိုင်းစံထွန်းဟာဆိုလို့ရှိရင် လယ်ယာမြေသိမ်းဆည်းခံရမှုများကို လယ်ယာမြေများပြန်ရရေး ဦးဆောင်ဦးရွက်ပြုနေတဲ့ တိုင်းရင်းသားလယ် သမားကြီးဖြစ်ပါတယ်။ သူဟာ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ည လက်နက်ကိုင်အမည်မသိလူတစ်စုက ခေါ်ဆောင်သွားခြင်းခံရပြီးတော့ ၃ မိုင်အကွာမှာ သေနတ်နှင့် ပစ်သတ်တာခံခဲ့ရတယ်လို့ သိရပါတယ်။ ဒါတွေဟာ အင်မတန်ကို ဝမ်းနည်းစရာကောင်း တဲ့ အနေအထားများဖြစ်ပါတယ်ဥက္ကဋ္ဌကြီးခင်ဗျား။

ဥက္ကဋ္ဌ။ ။ ကိုယ်စားလှယ်ကြီးခင်ဗျား။ ဒီနေ့ Agenda ကို ပြန်လည်ကြည့်ပါ။ အစိုးရရဲ့ အာမခံ ချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို ဆွေးနွေးခြင်းဖြစ်ပါ တယ်။ အစီရင်ခံစာမှာပါတဲ့အကြောင်းအရာကိုသာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဒီကိစ္စတွေမှာက ခုနက မေးမယ်ဆိုလို့ရှိရင် ဥက္ကဋ္ဌကို မေးနိုင်ပါတယ်။ ကျွန်တော်အဆိုတင်ထားတယ်။ အဆိုတင်ထားတာနဲ့ ပတ်သက်လို့ ဘယ်လိုရှိသလဲမေးနိုင်ပါတယ်။ အခြားလူတွေလည်း ဒီလိုပဲမေးကြပါတယ်။ ဒါ့ကြောင့် မို့လို အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့ ဆက်လက်ဆွေးနွေးမယ်ဆိုရင် ဆွေးနွေးလို့ရပါတယ်။ အဲ့ဒါမှ မဟုတ်ဘဲနဲ့ ခေါင်းစဉ်တခြား၊ ဆွေးနွေးတဲ့ အရာတခြားဆိုလို့ရှိရင် ရပ်ဆိုင်းဖို့ပဲဖြစ်ပါတယ်။

**မူကြမ်း**

**ဒေါက်တာအောင်မိုးညို(ပွင့်ဖြူမဲဆန္ဒနယ်)။** ။ အစီရင်ခံစာမှာပါတာက အဆို ၁၁ ခုဆွေးနွေးရန် ကျန်ရှိနေသေးတယ်လို့ သိရှိရပါတယ်။ ကျွန်တော့်အဆိုကလည်းပဲ လယ်သမားများရဲ့ သေရေးရှင်ရေးနဲ့ ပတ်သက်နေတဲ့အတွက်ကြောင့် ကျွန်တော့်အဆိုကို ပြီးခဲ့တဲ့ ဇူလိုင်လ ၁၀ ရက်နေ့ လွန်ခဲ့တဲ့ ရှစ်လက တင်သွင်းခဲ့တဲ့အဆို ဘယ်အနေအထားရောက်နေလဲဆိုတာကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာကော်မတီကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)အရ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံရန်အဆိုတင်သွင်းခြင်းနှင့် အဆိုပြုချက်ရယူခြင်းများ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ အဆိုတင်သွင်းရန်ဖိတ်ခေါ်ပါတယ်။

**ဦးသန်းထွန်း(အဖွဲ့ဝင်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ ၂၃-၂-၂၀၁၅ ရက်နေ့မှာ တင်သွင်းတဲ့အစီရင်ခံစာကို လွှတ်တော်က သဘောတူလက်ခံပေးပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(ဃ)အရ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ကော်မတီဝင် ကျွန်တော် ဦးသန်းထွန်းက အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုနိုင်ဖို့ လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်၊ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့သော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသား လွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းကို ၃-၂-၂၀၁၅ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ယင်းဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါ တယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥပဒေကြမ်းကော်မတီကိုယ်စား ကော်မတီဥက္ကဋ္ဌကြီး၏ တာဝန်ပေးအပ်ချက်အရ အမျိုးသား လွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့လာတဲ့ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာအား ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကပေးပို့လာသော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေ ကြမ်းကို အမျိုးသားလွှတ်တော်၌ ၁၁-၉-၂၀၁၄ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၃-၂-၂၀၁၅ ရက်နေ့ အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့်အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော် တွင် ဆွေးနွေးရန် ပေးပို့လာပါသည်။

၂။ ကျန်းမာရေးဝန်ကြီးဌာနက မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီဥပဒေကြမ်းကို အောက်ပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါသည် -

(က) နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒနှင့်အညီ အရည်အသွေးပြည့်မီပြီး ထိရောက်သော သူနာပြုစုစောင့်ရှောက်မှု လုပ်ငန်းများကိုအများပြည်သူတို့ခံစားခွင့်ရရှိစေရန်အတွက် ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေဖြစ်စေရန်၊

(ခ) သူနာပြုနှင့်သားဖွားများ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး အဆင့်အတန်း ကိုထိန်းသိမ်းမြှင့်တင်ရေးနှင့် အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုနိုင်ရန်၊

(ဂ) နိုင်ငံတော်အစိုးရမှ သဘောတူလက်မှတ်ရေးထိုးခဲ့သော အရှေ့တောင်အာရှဒေသ အတွင်း နိုင်ငံအချင်းချင်း အပြန်အလှန်အသိအမှတ်ပြုနိုင်သော အရည်အသွေး ပြည့်မီသည့် သူနာပြုသားဖွားဝန်ဆောင်မှုလုပ်ငန်းများကို ၂၀၁၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၆-၂-၂၀၁၅ ရက်နေ့နှင့် ၂၀-၁-၂၀၁၅ ရက်နေ့များတွင် ကျန်းမာရေးမြှင့်တင်မှုကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီ မှတာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင် အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်များမှာ အမှတ်စဉ်(၁)မှ (၅၂) ထိရှိပြီး ၎င်းတို့ကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါသည်-

(၁) ဤဥပဒေကြမ်းတွင် အခန်းပေါင်း(၁၇)ခန်းနှင့် အပိုဒ်ပေါင်း(၆၁)ခု ပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များအနက် (၄၆)ချက်ကို သဘောတူ လက်ခံပါသည်။

(၃) အပိုဒ် ၂ အပိုဒ်ခွဲ(က)ကို အပိုဒ် ၃ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို သူနာပြု အတတ်ပညာဆိုသည်မှာ မကျန်းမာသူတစ်ဦးအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ နှင့်လိုအပ်သောလူမှုရေးဆိုင်ရာ ပြုစုမှုလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင် စွမ်းရှိသည့် အတတ်ပညာကိုဆိုသည်။ ယင်းစကားရပ်တွင် ကျန်းမာသူများအား ကျန်းမာရေးပိုမိုကောင်းမွန်စေရေးနှင့် ရောဂါကြိုတင်ကာကွယ်ရေးဆိုင်ရာ ပညာရပ် များလည်းပါဝင်သည်ဟု ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို သားဖွား အတတ်ပညာဆိုသည်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မမွေးဖွားမီပြုစုစောင့် ရှောက်ခြင်းနှင့် မွေးဖွားစဉ်အချိန်၌ အန္တရာယ်ကင်းစွာ မွေးဖွားပေးခြင်းတို့အပြင် သားဖွားပြီးသော မိခင်နှင့်မွေးကင်းစကလေးတို့ကို ပြုစုစောင့်ရှောက်ခြင်းဆိုင်ရာ ပညာရပ်များကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို သူနာပြု ဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော သူနာပြုမှတ်ပုံတင်လက်မှတ်နှင့် သူနာပြုလိုင်စင်ရရှိသူကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၆) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို သားဖွားဆိုသည်မှာ ဤဥပဒေအရကောင်စီက ထုတ်ပေးသော သားဖွားမှတ်ပုံတင် လက်မှတ်နှင့် သားဖွားလိုင်စင်ရရှိသူကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၇) အပိုဒ် ၂ အပိုဒ်ခွဲ(င)ကို အပိုဒ် ၃ အပိုဒ်ခွဲ(င)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို သူနာပြု သားဖွားဆိုသည်မှာ ဤဥပဒေအရ ကောင်စီကထုတ်ပေးသော သူနာပြုသားဖွား မှတ်ပုံတင်လက်မှတ်နှင့် သူနာပြုသားဖွားလိုင်စင်ရရှိသူကို ဆိုသည်ဟု ပြင်ဆင်ပါ သည်။

(၈) အပိုဒ် ၂ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဤဥပဒေ အရ ထားရှိသောစကားရပ်ကို သတ်မှတ်ချက်များနှင့်အညီဟု ပြင်ဆင်ပါ သည်။

(၉) အပိုဒ် ၂ အပိုဒ်ခွဲ(ဇ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဇ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ဤဥပဒေ အရ စကားရပ်ကို ပယ်ဖျက်ပါသည်။

**မူကြမ်း**

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(ဌ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဌ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ပြည်ပနိုင်ငံတစ်ခုခုမှသူနာပြုနှင့် သားဖွားအတတ်ပညာကို အောင်မြင်လာသောနိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားသူနာပြု သို့မဟုတ် သားဖွားတစ်ဦးဦးအားစကားရပ်ကို ပြည်ပနိုင်ငံတစ်ခုခုမှသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားအတတ်ပညာကို အောင်မြင်လာသော နိုင်ငံသား သို့မဟုတ် နိုင်ငံခြားသားသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားတစ်ဦးဦးအားဟု ပြင်ဆင်ပါသည်။

(၁၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဍ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိ ယင်းအတတ်ပညာနှစ်ရပ်လုံးကိုဖြစ်စေ စကားရပ်ကို သူနာပြုသားဖွားအတတ်ပညာကို ဖြစ်စေ ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) အပိုဒ်ခွဲငယ်(၁)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဍ) အပိုဒ်ခွဲငယ်(၁)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲငယ်ရှိကျောင်း၊ သင်တန်းကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ် သို့မဟုတ် တက္ကသိုလ်စကားရပ်ကို တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်၊ သိပ္ပံ၊ ကျောင်း၊ သို့မဟုတ် သင်တန်းကျောင်းဟု ပြင်ဆင်ပါသည်။

(၁၃) အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) အပိုဒ်ခွဲငယ်(၂)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဍ) အပိုဒ်ခွဲငယ်(၂)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲငယ်ရှိ ကောင်စီကစိစစ်၍ အသိအမှတ်ပြုထားပြီး ကျန်းမာရေးဝန်ကြီးဌာနက စကားရပ်ကို ကောင်စီ၏စိစစ်ထောက်ခံချက်ဖြင့် အသိအမှတ်ပြုထားပြီး ဝန်ကြီးဌာနကဟု ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၂ အပိုဒ်ခွဲ(ပ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ပ)အဖြစ်ပြင်ဆင်၍ ယင်းအပိုဒ်ကို ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနကိုဆိုသည်ဟု ပြင်ဆင်ပါသည်။ ဤဥပဒေတွင်ပါရှိသော ကျန်းမာရေးဝန်ကြီးဌာနစကားရပ်ကို ဝန်ကြီးဌာနဟု ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၂ အပိုဒ်ခွဲ(ဏ)နှင့်(ထ)တို့ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဏ)နှင့်(ထ)တို့အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်တို့ရှိ ဤဥပဒေအရ ဖွဲ့စည်းသော စကားရပ်ကိုပယ်ဖျက်ပါသည်။

(၁၆) အပိုဒ် ၂ အပိုဒ်ခွဲ(ဒ)ကို အပိုဒ် ၃ အပိုဒ်ခွဲ(ဒ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်စကားရပ်ကို တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေဟု ပြင်ဆင်ပါသည်။

(၁၇) အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(က)ကို အပိုဒ် ၄ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲရှိအရည်အသွေးပြည့်မီပြီး ထိရောက်သောစကားရပ်ကို အရည်အသွေးပြည့်မီသောဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ်(၃) အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄ အပိုဒ်ခွဲ(က)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော သူနာပြုနှင့် သားဖွားအတတ်ပညာ ဖွံ့ဖြိုးတိုးတက်မှုကို သူနာပြုနှင့်သားဖွားများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန်ဟု ပြင်ဆင်ပါသည်။

(၁၉) အပိုဒ် ၃ အပိုဒ်ခွဲ(စ)ကို အပိုဒ် ၄ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ရှိ ဥပဒေနှင့် အညီ စကားရပ်ကို ပယ်ဖျက်ပါသည်။

(၂၀) အခန်း(၃) အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲငယ်(၇)နှင့် အပိုဒ်ခွဲငယ်(၈)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

| | | |
|---|---|---|
| ၇(က)(၁) | ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သော သူနာပြုအရာရှိ | ၁ ဦး |
| (၂) | ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက် မနိမ့်သော သူနာပြုအရာရှိ | ၁ ဦး |
| (၃) | ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနက တာဝန် | ၁ ဦး |

ပေးအပ်ခြင်းခံရသည့် လက်ထောက်ညွှန်ကြားရေးမှူး အဆင့်အောက်မနိမ့်သော သူနာပြုအရာရှိ

(၄) ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ပေးအပ်ခြင်းခံရသည့် သူနာပြုအရာရှိ ၁ ဦး

(၅) သူနာပြုတက္ကသိုလ်များမှ ကထိကအဆင့်အောက် မနိမ့်သော သူနာပြုကိုယ်စားလှယ် ၂ ဦး

(၇) သူနာပြုသားဖွား အတတ်ပညာ သင်တန်းကျောင်းများမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု ရွေးကောက် တင်မြှောက်ခြင်းခံရသော ကျောင်းအုပ်အဆင့်အောက်မနိမ့်သော ကိုယ်စားလှယ် ၁၅ ဦး

(၈) လိုင်စင်ရသူနာပြု သို့မဟုတ် သားဖွား သို့မဟုတ် သူနာပြုသားဖွားများက မိမိတို့အနက်မှ ရွေးချယ်တင်မြှောက်ခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေကိုယ်စားပြု သူနာပြုသားဖွားကိုယ်စားလှယ် ၁၅ ဦး

(၂၁) အပိုဒ် ၅ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၁၁)ကို အောက်ပါအတိုင်းပြင်ဆင်ပါသည် -

၇(က)(၁၂) အငြိမ်းစားသူနာပြု သို့မဟုတ် သားဖွားသို့မဟုတ် သူနာပြုသားဖွားများအနက်မှသင့်လျော်သောအငြိမ်းစားကိုယ်စားလှယ် ၁၃ ဦး

(၂၂) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

(ခ) ပုဒ်မခွဲ(က)အရ ရွေးချယ်လျာထားသော ကောင်စီဝင်များသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် -

(၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

**မူကြမ်း**

(၂) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။

(၃) လုပ်ငန်းတာဝန်များကို အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၄) သူနာပြုသားဖွားလိုင်စင်ကို လက်ဝယ်ကိုင်ဆောင်ထားသူဖြစ်ပြီး လက်ရှိ လိုင်စင်သက်သမ်း တိုးမြှင့်ထားသူဖြစ်ရမည်။

(၅) သူနာပြုသားဖွားကျင့်ဝတ်သိက္ခာကို ဖောက်ဖျက်ခြင်းမရှိသူ ဖြစ်ရမည်။

(၆) ပြစ်ဒဏ်တစ်မျိုးမျိုးဖြင့် ထောင်ဒဏ်ကျခံခဲ့ရခြင်း မရှိသူဖြစ်ရမည်။

(၇) သူနာပြုသားဖွားလုပ်ငန်းတွင် အနည်းဆုံးငါးနှစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်ရမည်။

(၂၃) အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)အား အပိုဒ် ၁၀ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲကို ကောင်စီသည် သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီအသစ်ဖွဲ့စည်းပြီး လုပ်ငန်း တာဝန်လွှဲပြောင်းပြီးသည့်အထိ တာဝန်ထမ်းဆောင်ရမည်ဟု ပြင်ဆင်ပါသည်။

(၂၄) အပိုဒ် ၁၀ အား အပိုဒ် ၁၁ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ကို ကောင်စီဝင်တစ်ဦးဦး၏ နေရာလစ်လပ်သည့်အခါ လစ်လပ်သည့် နေရာအလိုက် သက်ဆိုင်ရာပုဂ္ဂိုလ်များကို အစားထိုးခန့်ထားခြင်း သို့မဟုတ် ရွေးချယ်တင်မြှောက်ခြင်းဖြင့် ဖြည့်စွက်ရမည်။ ထိုသို့ ဖြည့်စွက်ခြင်းခံရသော ကောင်စီဝင်၏ သက်တမ်းသည် လက်ရှိကောင်စီ၏ ကျန်ရှိ သည့် သက်တမ်းကုန်ဆုံးချိန်အထိသာဖြစ်သည်ဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၁၁ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၂ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ ခွင့်မဲ့ ပျက်ကွက်ခြင်း စကားရပ်ကို ပျက်ကွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၆) အခန်း(၄) အပိုဒ် ၁၃ ကို အပိုဒ် ၁၄ အဖြစ် ပြင်ဆင်၍ စာချီးကို ကောင်စီ၏ လုပ်ငန်း တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်ဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲကို ပြည်တွင်း၊ ပြည်ပရှိ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတစ်ခုခုက အပ်နှင်း သည့် ဘွဲ့၊ ဒီပလိုမာနှင့်အောင်လက်မှတ်များကို အရည်အချင်းစစ်ဆေးရန် ကင်းလွတ်

ခွင့်ပြုထားခြင်းမရှိပါက အရည်အချင်းစစ်ဆေးပြီးအသိအမှတ်ပြုခြင်း သို့မဟုတ် အသိအမှတ်ပြုရန်ငြင်းပယ်ခြင်းဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ သူနာပြု-သားဖွားဆိုင်ရာ ကိစ္စတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ စကားရပ်ကို သူနာပြု၊ သားဖွား၊ သူနာပြု သားဖွားများနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရန်အကြောင်း ပေါ်ပေါက်ပါကဟုလည်းကောင်း၊ အစီရင်ခံစာတင်ပြစေခြင်းစကားရပ်ကို အစီရင်ခံစာကို ကောင်စီသို့တင်ပြစေခြင်းဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၁၃ အပိုဒ်ခွဲ(စ)အား အပိုဒ် ၁၄ အပိုဒ်ခွဲ(စ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲကို သူနာပြုနှင့် သားဖွားများလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများနှင့် စည်းကမ်းချက်များကို သတ်မှတ်ခြင်းဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဆ)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ဆ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ အကဲဖြတ်ခြင်း စကားရပ်ကို အကဲဖြတ်ခြင်းနှင့် လိုအပ်ပါက ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်းဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၁၃ အပိုဒ်ခွဲ(ဋ)ကို အပိုဒ် ၁၄ အပိုဒ်ခွဲ(ဋ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ သတ်မှတ်ပေးခြင်း၊ အတည်ပြုချက်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်းစကားရပ်ကို ဝန်ကြီးဌာနနှင့်ညှိနှိုင်း၍သတ်မှတ်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၃၂) အပိုဒ် ၁၄ အပိုဒ်ခွဲ(ဍ)အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည် -

၁၄(ဍ) ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော သူနာပြု၊ သားဖွားနှင့် သူနာပြု သားဖွားများအတွက် ယင်းတို့၏ ကျွမ်းကျင်မှုနှင့် ရာထူးအဆင့်အလိုက် သူနာပြုနှင့်သားဖွားတို့၏ ဝတ်စုံနှင့်အဆောင်အယောင်တို့ကို အသိအမှတ်ပြုခြင်း

(၃၃) အခန်း(၅) အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၅ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲကို မိမိ၏လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် ငါးဦးထက်မပိုသော ကောင်စီဝင်များနှင့် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အဖွဲ့ဝင်

၁၀ ဦးထက်မပိုသော အောက်ဖော်ပြပါလုပ်ငန်းကော်မတီများကို သတ်မှတ်ချက်များနှင့်အညီဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များသတ်မှတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၃၄) အခန်း(၆) အပိုဒ် ၁၆ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၁၇ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည် စကားရပ်ကို လျှောက်ထားသူအား ကာလသတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကိုထုတ်ပေးရမည်ဟု ပြင်ဆင်ပါသည်။

(၃၅) အပိုဒ် ၁၇ ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

၁၈(က) မှတ်ပုံတင်ရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ထားသော လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်၍ ထိုဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး ပြန်လည်မှတ်ပုံတင်ပေးရန် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး ပြန်လည်မှတ်ပုံတင်ပေးခြင်း သို့မဟုတ် မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်း၊ စိစစ်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းပြုနိုင်သည်။ မှတ်ပုံတင်ရန် ခွင့်ပြုပါက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးပေးသွင်းစေပြီး လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

(၃၆) အခန်း(၇) အပိုဒ် ၁၈ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့ကို အပိုဒ် ၁၉ အပိုဒ်ခွဲ(က)နှင့် အပိုဒ်ခွဲ(ခ)တို့အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲများရှိ လိုင်စင်တစ်ခုခု စကားရပ်ကို လိုင်စင်ကိုဟု ပြင်ဆင်ပါသည်။

(၃၇) အပိုဒ် ၁၉ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်တစ်ခုခုကို ထုတ်ပေးရန် စကားရပ်ကို လိုင်စင်ထုတ်ပေးရန်ဟု ပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ် ၂၀ အပိုဒ်ခွဲ(က)တို့ကို အပိုဒ် ၂၀ အပိုဒ်ခွဲ(ခ)နှင့် အပိုဒ် ၂၁ အပိုဒ်ခွဲ(က)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲများရှိ လိုင်စင်တစ်ခုခု စကားရပ်ကိုလိုင်စင်ကိုဟု ပြင်ဆင်ပါသည်။

(၃၉) အခန်း(၇) အပိုဒ် ၂၁ ကို အပိုဒ် ၂၂ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၂(က) လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင်ကို ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ဆုံးဖြတ်ချက်ချမှတ်ခြင်းခံရသူသည် သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ထုတ်ပေးရန်ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင် သို့မဟုတ် ကန့်သတ်လိုင်စင် ထုတ်ပေးခြင်း ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

(၄၀) မူလအခန်း(၈)၊ အခန်း(၉)နှင့် အခန်း(၁၀)တို့ကို အခန်း(၈)အဖြစ် အောက်ပါအတိုင်း ပြင်ဆင်သဖြင့် အခန်းအမှတ်စဉ်များ ပြောင်းလဲသွားပါသည်-

**အခန်း (၈)**

**လိုင်စင်ရရှိသူ၏ တာဝန်နှင့် ရပိုင်ခွင့်များ**

၂၅။ လိုင်စင်ရရှိသူသည် -

(က) လိုင်စင်ပါ သက်တမ်းအတွင်း သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွား အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်။

(ခ) လိုင်စင်တွင်ဖော်ပြပါရှိသော စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) သားဖွားလိုင်စင်ရရှိသူသည် သူနာပြုသင်တန်းတက်ရောက် အောင်မြင်ပြီးပါကသားဖွားလိုင်စင်ကို ပြန်လည်အပ်နှံပြီး သူနာပြုသားဖွားမှတ်ပုံတင်နှင့် လိုင်စင်ကို လျှောက်ထားနိုင်သည်။

(ဃ) သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားအဖြစ် မှတ်ပုံတင်ပြီးနောက် ဖြစ်စေ၊ သူနာပြု၊ သားဖွားနှင့် သူနာပြုသားဖွားလိုင်စင်ရရှိပြီးနောက် ဖြစ်စေ၊ ပြည်တွင်းမှသော်လည်းကောင်း၊ ပြည်ပမှသော်လည်းကောင်း၊ သူနာပြု၊ သားဖွား၊ သူနာပြုသားဖွားနှင့်စပ်လျဉ်း၍ ဘွဲ့၊ ဒီပလိုမာ၊ လက်မှတ်စသည်တို့ကို ထပ်မံရရှိသည့်အခါ ကောင်စီသို့ မှတ်တမ်းတင်ပေးရန်တင်ပြရမည်။

(င) သူနာပြုနှင့်သားဖွား ကျင့်ဝတ်သိက္ခာများကို ထိန်းသိမ်းစောင့်စည်းရမည့်အပြင် မိမိ၏သိက္ခာကို ထိခိုက်စေမည့်အပြုအမူ၊ အပြောအဆို၊ အနေအထိုင်များကိုလည်း ရှောင်ကြဉ်ရမည်။

(စ) ရာထူးအဆင့်အလိုက်သတ်မှတ်ထားသည့် ဝတ်စုံနှင့်အဆောင်အယောင်များကို သုံးစွဲခွင့်ရှိသည်။

(ဆ) လိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီက ပုဒ်မ ၂၇ အရ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်ပါက ထိုဆုံးဖြတ်ချက်ကို ဤဥပဒေအခန်း (၁၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီ အယူခံခွင့်ရှိသည်။

(ဇ) လိုင်စင်နှင့်စပ်လျဉ်း၍ ကောင်စီ၏ စီမံခန့်ခွဲရေးဆိုင်ရာ ဆုံးဖြတ်ချက်ကို အယူခံပါက ဝန်ကြီးဌာန၏ အယူခံဆုံးဖြတ်ချက်အရလည်းကောင်း ပယ်ဖျက်ခြင်းခံရလျှင် အဆိုပါလိုင်စင်ကို ဆုံးဖြတ်ချက်ချမှတ်သည့် နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ ပြန်လည်အပ်နှံရမည်။

(၄၁) အခန်း(၁၁) အပိုဒ် ၂၇ အား အပိုဒ် ၂၆ အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ကို ကန့်သတ်လိုင်စင်ရရှိသူသည် ပုဒ်မ ၂၅ပါ လိုင်စင်ရရှိသူ၏တာဝန်နှင့် ရပိုင်ခွင့်များကို လိုက်နာဆောင်ရွက်ရမည်ဟု ပြင်ဆင်ပါသည်။

(၄၂) အခန်း(၁၂) အပိုဒ် ၂၈ အပိုဒ်ခွဲ(က)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(က) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ အမိန့်တို့ပါ စကားရပ်ကို အမိန့်နှင့်ညွှန်ကြားချက်ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၂၈ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၄) အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲငယ်ရှိ မှတ်ပုံတင်နှင့်စကားရပ်ကို မှတ်ပုံတင် လက်မှတ်နှင့်လိုင်စင်ဟု ပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၂၇ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ ကောင်စီက သတ်မှတ်ထားသည့် အခြားပြစ်မှုတစ်ရပ်ရပ်ဖြင့် စကားရပ်ကို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့်ဟုလည်းကောင်း၊ ချမှတ်နိုင်သည် စကားရပ်ကို ချမှတ်ရမည်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၄၅) အပိုဒ် ၃၁ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၃၀ အပိုဒ်ခွဲ(ခ)အဖြစ် ပြင်ဆင်၍ ယင်းအပိုဒ်ခွဲရှိ သူနာပြုအတတ်ပညာနှင့် သားဖွားအတတ်ပညာ စကားရပ်ကို မိမိဖွင့်လှစ်မည့် သင်တန်းဆိုင်ရာဟု ပြင်ဆင်ပါသည်။

(၄၆) အပိုဒ် ၃၀ အပိုဒ်ခွဲ(ဂ)အဖြစ် လုပ်ငန်းအရည်အသွေးမြှင့်တင်ရေးဆိုင်ရာ သီးသန့်အချိန်တိုသင်တန်းများကို ဖွင့်လှစ်လိုပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြရမည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၄၇) အခန်း(၁၄) အပိုဒ် ၃၂ ရှိ ကျန်းမာရေးဝန်ကြီးဌာနသည် စကားရပ်ကို ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေဟု ပြင်ဆင်ပါသည်။

(၄၈) အပိုဒ် ၃၄ အပိုဒ်ခွဲ(ခ)ရှိ စစ်ဆေးမှုကိုခံယူပြီး လိုအပ်သောအကူအညီများပေးရမည် ဆိုသည့် စကားရပ်ကို စစ်ဆေးမှုကိုခံယူပြီး ယင်းလုပ်ငန်းကော်မတီကို လိုအပ်သော အကူအညီများပေးရမည်ဟု ပြင်ဆင်ပါသည်။

(၄၉) အခန်း(၁၃) အပိုဒ် ၃၅ ကို မည်သူမျှ ဤဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ထားသည့် ဝန်ကြီးဌာနများကဖြစ်စေ၊ ယင်းဝန်ကြီးဌာနများက ခွင့်ပြုသော အဖွဲ့အစည်းကဖြစ်စေထုတ်ပေးသော လုပ်ငန်းလိုင်စင်နှင့်ကောင်စီက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်မရှိဘဲ ပုဂ္ဂလိက သူနာပြု၊ သားဖွား၊ သူနာပြုသားဖွားအတတ်ပညာသင်ကျောင်းတစ်မျိုးမျိုးကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရဟု ပြင်ဆင်ပါသည်။

မူကြမ်း

(၅၀) အခန်း(၁၅) အပိုဒ် ၄၃ အပိုဒ်ခွဲ(ဂ)ရှိ လတ်တလောစကားရပ်ကို ချက်ချင်းဟု ပြင်ဆင်ပါသည်။

(၅၁) အခန်း(၁၆) အပိုဒ် ၅၂ ကို အခန်း(၁) အပိုဒ် ၂ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့် နေ့ရက်မှစ၍ တစ်နှစ်ပြည့်မြောက် ပြီးသည့် နေ့ရက်တွင် စတင်အာဏာတည်စေရမည်ဟု ပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၅၃ ကို -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေနှင့် စည်းမျဉ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ကောင်စီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံသူနာပြုနဲ့ သားဖွားကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၂-၃-၂၀၁၅ ရက် (ကြာသပတေးနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြီးခဲ့တဲ့ အစီအစဉ်မှာ ကိုယ်စားလှယ် ဒေါက်တာအောင်မိုးညို ဆွေးနွေးရမှာက ကျွန်တော်တင်ပြတဲ့ ခေါင်းစဉ်နဲ့ သက်ဆိုင်တာကိုပဲ ဆွေးနွေးဖို့ဖြစ်ပါတယ်။ သို့ရာတွင် ခေါင်းစဉ်နှင့် မသက်ဆိုင်တဲ့ ဆွေးနွေးမှုများ ဆက်ဆွေးနွေးမှုကို ခွင့်မပြုဘဲနဲ့ ရပ်ဆိုင်းခဲ့ပါတယ်။ သူဒီလိုတင်ပြဆွေးနွေးတဲ့နေရာမှာ သူ့အဆိုတင်ထားတယ်။ အဆိုရဲ့အခြေအနေ ဘယ်လိုရှိပါသလဲဆိုတဲ့ မေးခွန်းသဘောဆန်တဲ့ဟာကိုပဲ လွှတ်တော်ဥက္ကဋ္ဌကိုမေးတယ်လို့ ယူဆပါတယ်။ ကျွန်တော်တို့ ဒီနေ့လယ်ယာမြေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တစ်နိုင်ငံလုံးအတွင်းမှာ များစွာ ပြဿနာတွေရှိတဲ့အတွက် သက်ဆိုင်ရာကော်မရှင်က ကြိုးစားပြီးတော့ အဖွဲ့ခွဲ ၁၁ ဖွဲ့ခွဲပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေကို ပြီးခဲ့တဲ့ ပြည်ထောင်စုလွှတ်တော်အတွင်းမှာလည်း အလေးထားဆွေးနွေးပြီးတော့ ဒီဆွေးနွေးချက်ပေါ်မူတည်ပြီးတော့ နိုင်ငံတော်သမ္မတကြီးထံလည်း လယ်ယာမြေများကိစ္စနှင့် ပတ်သက်ပြီးတော့ ရှင်းလင်းပေးဖို့ သဝဏ်လွှာပေးပို့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုတော့ လယ်ယာမြေနှင့် ပတ်သက်ပြီးတော့ အဆိုသုံးခုတင်ထားတာရှိပါတယ်။ ဦးစိန်ဝင်း(မအူပင်)၊ နောက်တစ်ဦးကတော့ ဒေါက်တာအောင်မိုးညို(ပွင့်ဖြူ)၊ နောက်တစ်ဦးကတော့ ဦးအောင်သိန်းလင်း (တောင်ဥက္ကလာပ) သုံးဦးတင်ထားပါတယ်။ ဒီသုံးဦးဟာ ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးတဲ့ လယ်ယာမြေကော်မရှင်နဲ့ သက်ဆိုင်တဲ့ကိစ္စများဖြစ်ပြီးတော့ ဒီအဆိုအားလုံးကို အကျုံးဝင်အောင် ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးထားတဲ့အတွက် ဒီလွှတ်တော်မှာ ဆွေးနွေးစရာမလိုအပ်ဘူးလို့ လွှတ်တော်ဥက္ကဋ္ဌက ယူဆပြီး ဒီအဆိုတွေကို ခေတ္တဆိုင်းငံ့ထားခြင်းပဲဖြစ်ပါတယ်။ အလားတူပဲ တချို့အဆိုတွေတင်ထားတာရှိပါတယ်။ ဒီအဆိုတွေဟာ တစ်နေရာမှာ ဒီအဆိုနဲ့သက်ဆိုင်တဲ့ကိစ္စမျိုး ဆွေးနွေးပြီးပြီဆိုလို့ရှိရင် ဒီလိုအဆိုမျိုးကို လွှတ်တော်မှာဆက်လက်ဆွေးနွေးမှာ မဟုတ်ကြောင်းကိုလည်း အားလုံးကို ကြိုတင်အသိပေးလိုပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက် နေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ မတ်လ ၁၀ ရက်

(အင်္ဂါနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]